www.sdtimedaily.com
www.facebook.com/standardtimedaily



တရုတ်-တောင်အာရှကုန်စည်ပြပွဲ၏ အခွင့်အလမ်းများ

# ပေါက်ဖော်တို့က တရုတ်-တောင်အာရှကုန်စည်ပြပွဲ စာဖတ်ပရိသတ်များကို လိုက်ပြမည်

ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ (၈)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲကို ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပခဲ့ပြီး နိုင်ငံ၊ ဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်း ၈၂ ခုတို့ပါဝင်ဆင်နွှဲခဲ့ကာ ပြပွဲဝင် ကုမ္ပဏီပေါင်း၂၀၀၀ ကျော်ရှိခဲ့သည်။ ၎င်းတို့ထဲမှ တစ်ဝက်ခန့်သည် ပြည်ပကုမ္ပဏီများဖြစ်ပြီး တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံအားလုံးကို ဖုံးလွှမ်းထားသည်။ ယခုအပတ်တွင် ကျွန်ုပ်တို့သည် မြန်မာမိတ်ဆွေ နှစ်ဦးနှင့်အတူ တရုတ်-တောင်အာရှကုန်စည်ပြပွဲသို့ သွားရောက်ပြီး အပြန်အလှန်ရှိသော ပေါက်ဖော်မေတ္တာကို ခံစား၍ တရုတ်-တောင်အာရှကုန်စည်ပြပွဲ၏ အခွင့်အလမ်းများကို လက်တွေ့ခံစားသိရှိ ရနိုင်မည်ဖြစ်သည်။

## တရုတ်-တောင်အာရှကုန်စည် ပြပွဲမှ မိတ်ဆွေဟောင်းနှင့် တွေ့ဆုံခြင်း

“ဝါး ဒီနှစ်ပြခန်းပစ္စည်းတွေက ပိုပြီးတော့များတာပဲ။” အရှေ့တောင်အာရှပြခန်း မြန်မာနိုင်ငံပြသနေရာတွင် ယူနန်ပြည်နယ်တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာပြန်ကြားရေးစင်တာမှ မြန်မာဘာသာကျွမ်းကျင်ပညာရှင် ဒေါက်တာထိုက်လွင်ကိုသည် မြန်မာ့ပယင်းပြခန်းပိုင်ရှင် ဒေါ်ခင်ငွေးကြွယ်နှင့် ထပ်မံဆုံတွေ့ခဲ့ပါသည်။ ဤတရုတ်-တောင်အာရှကုန်စည်ပြပွဲ အမြဲပါဝင်နေသူနှင့် ပယင်းတို့၏ ရေစက်ကိုနားလည်သိရှိခဲ့ရသည်။

ဒေါ်ခင်ငွေးကြွယ်သည် ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ထက်သစ္စာ နိုင်ငံတကာကျောက်မျက်ရတာကုမ္ပဏီကို တည်ထောင်ခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာအမျိုးမျိုးကို ရောင်းချခဲ့သည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က သူမသည် အဘွားဖြစ်သူကြောင့် ပယင်းကို နှစ်သက်လာခဲ့ပြီးနောက်တွင် လုပ်ငန်းပြောင်းလဲ၍ပယင်းအရောင်းအဝယ်လုပ်ခဲ့သည်။ ယူနန်ပြည်နယ်သို့လာရောက်ပြီး ကုန်စည်ပြပွဲမျိုးစုံကိုပါဝင်ဆင်နွှဲပြီးနောက် တရုတ်ဝယ်ယူသူ အများအပြားသည် ပယင်းကိုနှစ်သက်ကြကြောင်း သူမ အံ့သြဖွယ်ရာ တွေ့ရှိခဲ့ရသည်။ ယခုအခါတွင် တရုတ်-တောင်အာရှကုန်စည်ပြပွဲသည် သူမအမျှော်လင့်ဆုံးသော တရုတ်ကုန်စည်ပြပွဲဖြစ်လာခဲ့ပြီး တရုတ်-တောင်အာရှကုန်စည်ပြပွဲမှတစ်ဆင့် ပိုမိုများပြားသော တရုတ်ဝယ်ယူသူများသည် မြန်မာ့ပယင်း၏ အလှကို စတင်သိရှိနားလည်ခံစားနိုင်လာကြပြီ ဖြစ်သည်။

အပြန်အလှန်ဆွေးနွေးဖလှယ်မှုများမှတစ်ဆင့် ဒေါ်ခင်ငွေးကြွယ်သည် တရုတ်မိတ်ဆွေအများအပြားနှင့်လည်း သိကျွမ်းခဲ့သည်။ ကူမင်းတကယ်ကောင်းခရီးသွားအထူးလက်ရွေးစင်ပစ္စည်း ကုမ္ပဏီလီမိတက်၏ တာဝန်ခံဖြစ်သူ ကျန်ကော်လည်း အပါအဝင်ဖြစ်ပါသည်။


“မြန်မာနိုင်ငံကိုသွားပြီး ဒေသတွင်းပယင်းလုပ်ငန်းကို ကျွန်မအကြိမ်များစွာ သွားရောက်ကွင်းဆင်းလေ့လာပြီး တရုတ်ပယင်းထွင်းထုပုံစံတွေကို မျှဝေပေးခဲ့ပါတယ်။ နှစ်စဉ်ကုန်စည်ပြပွဲကျင်းပတိုင်း အန်တီခင်ငွေးကြွယ်ကလည်း တရုတ်နိုင်ငံကို လာပြီး အားသွန်ခွန်စိုက် ကူညီပေးတတ်ပါတယ်”ဟု ကျန်ကော်က အမှတ်တရ ပြောပြသည်။ “ဒါက ဒီနှစ် ခေတ်စားနေတဲ့ တရုတ်စတိုင်ပုံစံပေါ့၊ ကျွန်မတို့ရဲ့ မြန်မာထွင်းထုဆရာကြီးကို မျှဝေပေးလို့ရပါတယ်။”

အသက် ၅၀ ခန့်ရှိပြီဖြစ်သော ဦးမျိုးနိုင်သည် ဒေါ်ခင်ငွေးကြွယ်၏ ကုမ္ပဏီတွင် ကျောက်မျက်ရတနာထွင်းထုအနုပညာ၏ သုတေသနနှင့် တီထွင်ဖန်တီးမှုများကို ဆောင်ရွက်ပြီး တရုတ်ပယင်း၏ ထွင်းထုမှုပုံစံကို လွန်စွာနားလည်သဘောပေါက်ထားပါသည်။ ဒေါ်ခင်ငွေးကြွယ်၏ ဆက်သွယ်ပေးမှုကြောင့် သူနှင့် ထိန်ချုံးမှလာသည့် ဆရာကျန်တို့သည် ဗီဒီယိုဖုန်းမှတစ်ဆင့် အပြန်အလှန်ဆွေးနွေးဖလှယ်ခွင့်ရခဲ့သည်။ ဗီဒီယိုဖုန်းပြောရာတွင် ဆရာနှစ်ဦးသည် ဘာသာစကားမပေါက်သော်လည်း လက်ဟန်ခြေဟန်မှတစ်ဆင့် ဦးမျိုးနိုင်သည် ပယင်းတုံးများကို လွန်စွာကောင်းမွန်သော အနုပညာပစ္စည်းအဖြစ် အချောကိုင်နိုင်ခဲ့သည်။

ဤကဲ့သို့ ပယင်းမှ ဖြစ်တည်လာသည့် ချစ်ကြည်ရေးသည် ဒေါက်တာထိုက်လွင်ကို၏ရင်တွင် လွန်စွာမှခံစားခဲ့ရသည်။ နှစ်ဦးနှစ်ဖက် အပြန်အလှန်ရှိသည့် ပေါက်ဖော်ချစ်ကြည်ရေးသည် မြန်မာ-တရုတ်ဆက်ဆံရေးအား ပိုမိုခိုင်မာလာစေမည်ဟု ဒေါက်တာထိုက်လွင်ကိုက ပြောသည်။








## “ဒစ်ဂျစ်တယ်တရုတ်နိုင်ငံ” ကို ခံစားသိရှိခြင်း

“ယခုနောက်ပိုင်း တရုတ်-တောင်အာရှကုန်စည်ပြပွဲ သုံး၊ လေးကြိမ်မှာ ဒစ်ဂျစ်တယ်စီးပွားရေးတွေက ပြသမှုရဲ့ အဓိကအကြောင်းအရာတွေထဲက တစ်ခုဖြစ်လာခဲ့ပါတယ်။” ယခုအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲတွင် နိုင်ငံတကာစီးပွားရေးတက္ကသိုလ်(University of International Business and Economics) မှ ပညာတော်သင်ကျောင်းသူ မဇာခြည်သန့်သန့်ဝင်းသည် သိပ္ပံနည်းပညာအပြည့်ပါဝင်နေသည့် ကုန်ထုတ်လုပ်ရေးပြခန်းအပေါ် လွန်စွာအာရုံစူးစိုက်ခဲ့သည်။ သူမက တရုတ်နိုင်ငံသည် အရှိန်အဟုန်မြင့် အင်တာနက်၊ သတင်းအချက်အလက်စင်တာနှင့် ဆက်သွယ်ရေးစနစ်စသည့် တည်ဆောက်ရေးအပိုင်းများတွင် ကြွယ်ဝသော အတွေ့အကြုံများကို ရရှိထားပြီး မြန်မာ-တရုတ်နှစ်နိုင်ငံသည် ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက်အကြား နည်းပညာကွာခြားချက်ကို ဖြည့်တင်းပေးနိုင်ကာ ဒစ်ဂျစ်တယ်ကုန်သွယ်ရေးနယ်ပယ်၏ ဒေသတွင်းစီးပွားရေးကို တစ်သားတည်းကျ၍ အဆင့်မြှင့်တင်နိုင်ရန် တိုးမြှင့်လာစေနိုင်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ပညာတော်သင်ကာလအတွင်း မဇာခြည်သန့်သန့်ဝင်းသည် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်၏ အဆင်ပြေမှုကို ခံစားသိရှိခဲ့ရသည်။ “လက်ရှိ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ငွေပေးမှုပလက်ဖောင်းရှိနေတယ်ဆိုပေမယ့် ပြည်သူပြည်သားအများအပြားကတော့ ငွေသားနဲ့ ဝယ်ယူရတာကို အကျင့်ဖြစ်နေဆဲဖြစ်ပါတယ်။” သူမက မြန်မာနိုင်ငံ၏ စမတ်ဖုန်းအသုံးပြုမှုက နှစ်စဉ်တိုးတက်နေပြီး ဒစ်ဂျစ်တယ်ငွေပေးချေမှု၏ တိုးတက်မှု အချိန်အခါကလည်း ရင့်ကျက်လာနေပြီဖြစ်ကြောင်း မြန်မာ-တရုတ်နှစ်နိုင်ငံသည် ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ဆက်နွှယ်မှုအဖြစ်ဖြင့် နိုင်ငံဖြတ်ကျော်ငွေပေးချေမှု အခြေခံအဆောက်အအုံတည်ဆောက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်၍ နှစ်နိုင်ငံကုမ္ပဏီများ နိုင်ငံဖြတ်ကျော်ဒစ်ဂျစ်တယ်စနစ်ဖြစ်လာရေးအတွက် အားသစ်တစ်ခုဖြစ်လာစေရေး ဆောင်ရွက်သွားသင့်ကြောင်း ပြောပြသည်။

တရုတ်-မြန်မာနိုင်ငံဖြတ်ကျော် အီး-ကောမတ်စ်သည် မဇာခြည်သန့်သန့်ဝင်း သုတေသနပြုသည့် အဓိကနယ်ပယ်များထဲမှတစ်ခု ဖြစ်သည်။ “ဒစ်ဂျစ်တယ်စီးပွားရေးနဲ့ နိုင်ငံဖြတ်ကျော် အီး-ကောမတ်စ် ဖွံ့ဖြိုးတိုးတက်မှုက စီးပွားရေးတိုးမြှင့်လာစေရေးရဲ့ ‘တွန်းအား’ တစ်ခု ဖြစ်လာခဲ့ပါပြီ။ ဒစ်ဂျစ်တယ်စနစ်ဖြစ်လာခြင်းက မြန်မာ-တရုတ်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပါပြီ။” သူမက ယခုနှစ်ပိုင်းများတွင် တရုတ်-တောင်အာရှကုန်စည်ပြပွဲသည် မြန်မာ-တရုတ် နိုင်ငံဖြတ်ကျော် အီး-ကောမတ်စ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ပလက်ဖောင်းကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး နှစ်နိုင်ငံ အီး-ကောမတ်စ်ကုမ္ပဏီများသည် ဆက်သွယ်မှုများ တည်ဆောက်နိုင်ကာ အတွေ့အကြုံနှင့် နည်းပညာများကို မျှဝေ၍ နိုင်ငံဖြတ်ကျော် အီး-ကောမတ်စ်နှင့် ဒစ်ဂျစ်တယ်စနစ်အဖြစ် အသွင်ပြောင်းလဲခြင်းကို စူးစမ်းရှာဖွေနိုင်ခဲ့သဖြင့် မြန်မာ-တရုတ် ကုန်သွယ်ရေးကို နောက်တစ်ဆင့်ဖွံ့ဖြိုးတိုးတက်မှုသို့ တက်လှမ်းနိုင်ရန် အထောက်အကူဖြစ်စေခဲ့သည်ဟု ဆိုသည်။



